# ရွှေမိုးမြေကျေးရွာ

# ရွှေမိုးမြေကျေးရွာအုပ်စု

# တံတားဦးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၅ - ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေမိုးမြေကျေးရွာ၊ တံတားဦးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ် ၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | ရွှေမိုးမြေကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ တံတားဦးမြို့နယ် | |
| | ရွှေမိုးမြေကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ တံတားဦးမြို့နယ် | |
| | ရွှေမိုးမြေကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၊ တံတားဦးမြို့နယ် | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | ( ခ) မွေးမြူရေးလုပ်ငန်း | |
| | ( ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | ( ခ) ကျေးရွာ မီးလင်းရေး | |
| | ( ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်းလူထု အများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကွဲသို့သော ကိန်းဂဏန်း အချက် အလက် ရှိနိုင်သော နေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမို ကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအား ဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည် ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


၂၀၂၄၊ ဩဂုတ် လ ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွှေမိုးမြေကျေးရွာတံတားဦးမြို့နယ်

# ရွှေမိုးမြေကျေးရွာ သယံဇာတပြမြေပုံ၊ တံတားဦးမြို့နယ်



ရွှေမိုးမြေကျေးရွာ ဗဟိုစု ၊ ရွှေမိုးမြေအပြင်ကျေးရွာ ရာသီစဉ်ပြပြက္ခဒိန်

| အကြောင်းအရာ | ဧပြီ / တန်ခူး | မေ / ကဆုန် | ဇွန် / နယုန် | ဇူလိုင် / ဝါဆို | ဩဂုတ် / ဝါခေါင် | စက်တင်ဘာ / တော်သလင်း | အောက်တိုဘာ / သီတင်းကျွတ် | နိုဝင်ဘာ / တန်ဆောင်မုန်း | ဒီဇင်ဘာ / နတ်တော် | ဇန်နဝါရီ / ပြာသို | ဖေဖော်ဝါရီ / တပို့တွဲ | မတ် / တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | ထွန် | ပြောင်း/ မြေပဲ | စပါး | စပါး | ကုလားပဲ | မြေပဲ ၊ ကုလားပဲ | | | | | |
| ပွဲတော် |  |  | |  | | |  | | | | | |
| ကျန်းမာရေး | သင့် | သင့် | သင့် | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | သင့် | သင့် |
| ဝင်ငွေ | | | | | ကောင်း | | | | ကောင်း | ကောင်း | | |
| သောက်ရေဖူလုံမှု | နည်း | နည်း | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| အစာရေစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | ကောင်း | ကောင်း |

ရည်ညွှန်းချက်

 နွေ

 မိုး


 ဆောင်း

 သင်္ကြန်ပွဲ

 ညောင်ရေသွန်းပွဲ

 ဘုရားပွဲ

 မီးထွန်းပွဲ



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ရွှေမိုးမြေကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၏ တောင်ဘက်(၂၀)မိုင် အကွာအဝေးတည်ရှိပြီး အရှေ့လောင်ကျီတွဒ်( )၊မြောက်လက်တီတွဒ်( )တွင် တည်ရှိသောကျေးရွာဖြစ်သည်။ရွှေမိုးမြေ ကျေးရွာသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးတွင် တည်ရှိသည်။ အိမ်ထောင်စုအားဖြင့် (၃၈၃)ရှိသော ကျေးရွာကြီး တစ်ရွာဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ ကျောက်ဆည်မြို့ဖြစ်ပြီး ကျေးရွာ၏ကုန်စည် ဝန်ဆောင်မှုအချို့အတွက် ကျောက်ဆည်မြို့စျေး၊ တံတားဦးမြို့မစျေးနှင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ တံတားဦးစျေးနှင့်ဆက်သွယ်သောလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ဆိုင်ကယ်၊ကားများဖြင့်သွားရောက်ကြသည်။ ကျေးရွာတွင်းလမ်း (၃၀၀၀)ပေ နီးပါးမှာ မြေသားလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးပါက ပိုမိုအဆင်ပြေ ချောမွေ့မည်ဖြစ်ပါသည်။ထို့ပြင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်း(၈၀၀)ပေဖြစ်ပြီး ကျေးရွာမှထည့်ဝင်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားလာရခက်ခဲခြင်းများရှိနေပြီး အဆိုပါလမ်းများ အားကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့် လုပ်ငန်းများခရီးတွင် လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ထောင့် တစ်နေရာမှ အထောက်အကူဖြစ်မည်မှာ အသေအချာပင် ဖြစ်ပါသည်။

### (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ရွှေမိုးမြေကျေးရွာ၏ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန်၄၀ဒီဂရီ စင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီ စင်တီဂရိတ် ရှိတတ်ပါသည်။ ရွှေမိုးမြေကျေးရွာတွင် လယ်၊ ယာမြေစုစုပေါင်း( ၄၀၈၃.၄၃)ဧကရှိပြီး အဓိက စိုက်ပျိုးသော သီးနှံများမှာ နေကြာနှင့်နှမ်း တို့ဖြစ်သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ရွှေမိုးမြေကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထားသော အသင်းအဖွဲ့(၄)ဖွဲ့ရှိပါသည်။ ကျေးရွာ၏သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများမှာ၄င်းတို့၏အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့်ပတ်သက်၍စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေး ဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပြီး လူငယ်များအကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါက ပိုမိုတိုးတက် ကောင်းမွန်လာမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိကစိုက်ပျိုးသောသီးနှံများမှာမြေပဲ၊ နေကြာနှင့် နှမ်းတို့ဖြစ်သည်။ ကျေးရွာတွင် ဆည်ရေနှင့်မိုးရေဖြင့်သာ ရာသီအလိုက် စိုက်ပျိုးကြရပါသည်။ သီးနှံအထွက်တိုးရန်အတွက် နည်းပညာပံ့ပိုးမှုနှင့်သီးနှံမျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်စေလိုသည်။

**(ခ) မွေးမြူရေး**

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု( ၅ )စုရှိပြီး အကောင်ရေမှာခိုင်းနွား (၄) ကောင်၊ ဒေသနွား(၂၁)ကောင်၊ ကြက်(၃၀) နှင့် စီးပွားဖြစ် အဓိကထားမွေးမြူ လုပ်ကိုင်ကြ ပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာ ပေးသင်တန်းများ ၊ကာကွယ်ဆေး ထိုးခြင်း လုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ရွှေမိုးမြေကျေးရွာတွင် လက်သမား၊ ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဖောဒ၊ စက်ပြင်၊ ဝပ်ရှော့၊ စက်ချုပ်သူများ၊ အရောင်းအဝယ်လုပ်ကိုင်သူများနှင့်အခြားကျပန်း လုပ်ကိုင်သူ များရှိပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ရွှေမိုးမြေကျေးရွာတွင် လယ်ယာမြေများရှိသော်လည်း လယ်ယာမြေပိုင်ဆိုင်မှုရှိကြပြီး အစိုးရ ဘဏ်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူသူတောင်သူများလည်း ရှိပါသည်။ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း မြစိမ်းရောင်စီမံကိန်းဆောင်ရွက် ပေးလျက်ရှိပါ သည်။ တစ်ပိုင်တစ်နိုင်စီးပွားလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စီးပွားရေးကိုအခြေခံ သောအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် စထာပနာ၊အလိုင်းရင့်စ်စသည့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများမှလည်း ကျေးရွာသို့ လာရောက်ဝန်ဆောင်မှုပေးလျက်ရှိပါ သည်။ စချေးယူစဉ်တွင် စထာပနာငွေချေး အဖွဲ့ချေးအဖွဲ့ မှာ(၁)ဦးလျှင်ငွေကျပ်(၃၀၀၀၀၀/- ၊ ၇၀၀၀၀၀/-မှ၈၀၀၀၀၀/-)ထိ ချေးယူရရှိပြီး (၁)လ တစ်ခါနှင့်(၁၀)လ ပြန်လည်ပေးဆပ် ကြရသည်။ အလိုင်းရင့်ငွေချေးအဖွဲ့မှာငွေကျပ် (၁၅၀၀၀၀/-မှစတင်ချေးယူနိုင်ကြပြီး (၁)လ(၂) ကြိမ်ပေးဆပ်ကြရပါသည်။ ငွေချေးအဖွဲ့အားလုံး ၏အတိုးနှုန်းများမှာ ၁ကျပ်၅၀ပြား များဖြစ်ပြီး အချို့ငွေချေးအဖွဲ့များမှ ချေးငွေရရှိရန်အတွက် အိမ်ထောင်စုဇယား၊ မှတ်ပုံတင်၊ ပတ်စ်ပို့ပုံများ ပေးကြရသော်လည်း အချို့ငွေချေး အဖွဲ့မှာအိမ် အခြေအနေနှင့် လုပ်ငန်းအခြေအနေကိုသာ ကြည့်၍ ငွေချေးပေးကြ ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ရွှေမိုးမြေကျေးရွာ၏ ရွာတွင်းလမ်းများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်း အဖြစ်(၈၀၀)ပေဖြစ်ပြီး ကျေးရွာမှ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်မည် ဖြစ်သော်လည်း ကျေးရွာတွင်း ကျန်ရှိနေသော မြေသာ လမ်းခင်းရန် ကျန်ရှိနေပါသည်။ အဆိုပါ လမ်းများမှာ မိုးရာသီတွင်ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်ပါသည်။ ရွှေမိုးမြေ ကျေးရွာတွင် ကား(၁၀စီး)၊ စက်ဘီး(၅၀)စီး၊ ဆိုင်ကယ်(၁၅၀)စင်း၊ သုံးဘီးဆိုင်ကယ် (၃)စင်းနှင့်၊ နွားလှည်း (၂)စီး ရှိပြီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အားအသုံးပြုနိုင်သူ အိမ်ထောင်စု (၃၈၃)အိမ်ရှိပြီးကျန်အိမ်ထောင်စုဝင်များမှာ လျှပ်စစ်မီးအိမ်၊ဖယောင်းတိုင်၊ ဆိုလာပြား များ သုံးစွဲနိုင်ကြောင်းတွေ့ရပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ရွှေမိုးမြေကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို တယ်လီဖုန်း (၃၀၀)လုံး၊ ရေဒီယို(၃၀)လုံး၊ တီဗွီ(၁၅၀)လုံးနှင့် စလောင်း(၃၀)ခု စသည်တို့မှရရှိပါသည်။ ကျေးရွာမှဖုန်းဖြင့် စျေးကွက်လက်လှမ်းမီစွာ အသုံးပြုနိုင်ပါသည်။

**၆။ ပညာရေး**

ရွှေမိုးမြေကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာတွင်သင်ယူပြီး အထက်တန်းပညာရေးအား အထက တံတားဦးကျောင်းတွင် သင်ယူကြရသည်။ ကျေးရွာတွင် မူလတန်းကျောင်းနေ အရွယ်ဦးရေ(၁၆၃)ဦး၊ အလယ်တန်းကျောင်းနေရွယ် (၆၀)ဦးရှိပါသည်။ အထက်တန်းကျောင်းနေ သူဦးရေ(၇၀)ဦးရှိပါသည်။ တက္ကသိုလ်ကျောင်းသား၊ သူဦးရေ(၃၀)ဦးရှိပါသည်။ ကျောင်းဆောင် လုံလောက်မှုရှိသော်လည်း ကျောင်းဆရာ/ ဆရာမများအတွက် အိမ်ရာဆောက်လုပ် ပေးရန်လိုအပ်ပါသည်။ စာမတတ်သူဦးရေ(၁၀)ဦး၊ မူလတန်းပြီးဆုံးသူ(၂၉၈)ဦး၊ အလယ်တန်း ပညာရေးပြီးစုစုပေါင်း(၁၅၀)ဦး၊ အထက်တန်းပညာရေးပြီး ဆုံးသူဦးရေ(၇၀)နှင့် တက္ကသိုလ်ပညာရေးပြီးဆုံးသူဦးရေ (၇၀)ဦးရှိသဖြင့် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင်လူစွမ်းအား အရင်းအမြစ် ကောင်းများဖြစ်ကြပါသည်။ ကျေးရွာရှိကလေးငယ် များအတွက် အထက်တန်းကျောင်းအဆင့်မြှင့် ဆောက်လုပ် ဖွင့်လှစ်ပေးနိုင်ပါကလည်း ကလေးငယ်များ နှင့် မိဘများအတွက်သွား လာရပို့မိုအဆင်ပြေလာမည်ဖြစ်ပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ အရေးပေါ်ဖြစ်ပါက(၄)မိုင်ဝေးသောကျောက်ဆည် ဆေးရုံနှင့် (၂၀)မိုင်ဝေးသော တံတားဦးဆေးရုံသို့သွားကြရသည်။ ကျေးရွာတွင် ယခုအချိန်တွင် အခြားကူးစက်နိုင်သော Omicron Covid-19 ရောဂါများအနည်းငယ် ဖြစ်ပွား သော်လည်းရောဂါဖြင့် သေဆုံး

မှုများမရှိကြပါ။ တစ်ခါတစ်ရံ ကလေးသူငယ်များသည် ရာသီတုတ်ကွေး၊ ဖျားနာခြင်းဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် အဝီစိတွင်း(စက်တပ်/တုံကင်)(၁၅၀)တွင်းရှိပြီး နွေမိုး၊ဆောင်း အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင်အိမ်ထောင်စု (၃၈၃)အိမ်ရှိသော်လည်း ရေဆွဲအိမ်သာ အိမ်ထောင်စု(၅)အိမ် ယင်လုံအိမ်သာ အိမ်ထောင်စု(၁၄၅)နှင့်တွင်း/ဧလားအိမ်သာ အိမ်ထောင်စု(၁၁) အိမ်ရှိပြီးကျန်းမာရေးအသိလိုအပ်နေပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် ဘဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ရွှေမိုးမြေကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအနေဖြင့် ကျေးရွာတွင်းရှိမြေကွက် အလွတ်တွင် သွားရောက်စွန့်ပစ်ကြပါသည်။ အမှိုက်စွန့်ပစ်မှုစနစ်တကျရှိစေရေးအတွက် ကျေးရွာမှ အမှိုက်သိမ်းစနစ်ဆောင်ရွက်ရန်လိုအပ်သည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ရွှေမိုးမြေကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင်ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိအမြင်လည်းရှိကြသည်။ ရွှေမိုးမြေကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၁)ကျောင်းရှိ၍ ဘာသာရေးကိုယုံကြည် ကိုးကွယ်ကြသူများပြားပြီး ကုသိုလ်ကောင်းမှုများကိုလည်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်ကြသည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၅ | ၁၅ | ၃၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၁၄ | ၂၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇၉ | ၈၄ | ၁၆၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၂၃ | ၆၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၃၂ | ၇၃၄ | ၁၃၆၆ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၅ | ၄၅ | ၈၀ | | |
| **စုစုပေါင်း** | | ၈၁၃ | ၉၁၅ | ၁၇၂၈ | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၈၃** | | | | |

**ရင်းမြစ် ... (ခ) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅) နှစ်ပြည့် သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေကျေးရွာတွင် အိမ်ထောင်စု(၃၈၃)စု နှင့် လူဦးရေ (၁၇၂၈) ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သောငါးနှစ်အောက်နှင့်နို့စို့အရွယ်နေဖြင့် (၅၉) ဦး၊ မူလတန်း ကျောင်းသား ရွယ်(၁၆၃)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၆၀)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၁၃၆၆)ဦးနှင့် သက်ကြီးရွယ်အို(၈၀)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေအနေဖြင့် တစ်ရွာလုံး၏ (၁၃၆၆)ဦး ရှိသောကြောင့်လူသား အရင်းမြစ်များစွာရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

SAMPLE

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၀ | ၅၀ | | | | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၁ | ၂၅၀ | | | | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |

SAMPLE

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား | ၂၀ | ၁၀ | | | | | မြင့် ☐လတ်☐ |

SAMPLE

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁၂ | | | | | မြင့် □လတ်□ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □လတ်□ နိမ့်☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၆၀ | | | | | မြင့် □လတ်□ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □လတ်□ နိမ့်☑ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၄၀ | | | | | မြင့် □လတ်□ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□နိမ့်☑ |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □လတ်□ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □လတ်□ နိမ့်☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □လတ်□ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □လတ်□ နိမ့်☑ |

SAMPLE

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၂၀ | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၈ | | | | | မြင့် ☐လတ်☐ နိမ့်☑ |

SAMPLE

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☑ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။

SAMPLE

**“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည် နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ရွှေမိုးမြေကျေးရွာ၏ တောင်သူကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စု (၁၀၀)သာ အဓိက လုပ်ကိုင်လျက်ရှိပြီး ကျန်အလုပ်အကိုင်များမှာ လက်သမား၊ ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဓကာ၊စက်ပြင်၊ ဝပ်ရှော့၊ စက်ချုပ်သူများ၊ အရောင်းအဝယ်လုပ်ကိုင်သူများနှင့် အခြားကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |

SAMPLE

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ရွှေမိုးမြေကျေးရွာ၏တောင်သူကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စု(၉၀) သာအဓိက လယ်/ယာစိုက်ပျိုးရေး လုပ်ကိုင်လျက်ရှိပြီး ကျန်အလုပ်အကိုင်များမှာ လက်သမား၊ ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဇကာ၊စက်ပြင်၊ ဝပ်ရှော့၊ စက်ချုပ်သူများ၊ အရောင်းအဝယ်လုပ်ကိုင်သူများနှင့် အခြားကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ကျေးရွာအတွင်းတွင်လယ်ယာလုပ်သားနေ့စားသမားများမှာ ထွန်ယက်စိုက်ပျိုးခြင်း အပါအဝင် တနေကုန်လုပ်အားခမှာ အမျိုးသားများအတွက် (၁၀၀၀၀/- မှ ၈၀၀၀/-) ရရှိပြီး အမျိုးသမီးများမှာ လုပ်ခလစာများအနေဖြင့်(၇၀၀၀/-မှ၅၀၀၀/-)သာရရှိပါသည်။ ဆောက်လုပ်ရေး လုပ်သားကျွမ်းကျင် ပညာရှင်များမှာ (၁၂၀၀၀/-)၊ ကျန်လုပ်သားများမှာ (၁၀၀၀၀/- နှင့် ၈၀၀၀/-) ရရှိကြသည်။ လုပ်ခလစာများ တွင် အမျိုးသားများကပိုမိုရရှိကြပြီး ကျား/မကွာဟမှုရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၄၇ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၉၆ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | **၁၄၃** | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား**

**အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှုမှာလယ်မြေ (၄၇)ဧက၊ ယာမြေ / တောင်ယာမြေ (၉၆)ဧက ရှိပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ **(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☑နည်း☐ မရှိ☐ | လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ **(နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐နည်း☑ မရှိ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေကျေးရွာအနီးတွင်တွင်းတိမ်၊တွင်းနက်များတွေ့ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၈၅ | **၁၉၅** | **၇၀** | **၃၃** |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၈၅)စု၊ အလယ်အလတ် ရှိသောအိမ်ထောင်စု(၁၉၅)စု၊မပြေလည်သောအိမ်ထောင်စု(၇၀)စုရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စု (၃၃)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် တောင်သူကိုယ်ပိုင်လုပ်ကိုင်သူများ၊မွေးမြူရေးလုပ်ကိုင်သူများ၊ အရောင်းအဝယ် ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများအနေဖြင့် လက်သမား၊ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဖကာ၊ စက်ပြင်၊ ဝပ်ရှော့၊ စက်ချုပ်သူများ၊ နှင့်အခြားကျပန်း လုပ်ငန်းများဖြစ်ပြီး ကျေးရွာတွင်းနှင့် ကျောက်ဆည်မြို့သို့ သွားရောက်လုပ်ကိုင်ကြသူ အများစုဖြစ်ပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၈၀ | ၂၃ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၃လနှင့်ဖြ ကြားဝမ်းစာ ဖူလုံမှု | ၁၉၅ | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ဖြမှာ၂လအထိ ဝမ်းစာဖူလုံမှု | ၈၅ | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ရွှေမိုးမြေကျေးရွာတွင် ၃လနှင့်ဖြကြားဝမ်းစာ ဖူလုံမှုအိမ်ထောင်စုမှာ (၁၉၅)စု ရှိသည်။

**(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂၃ | | |

SAMPLE

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂၃)စု ရှိပါသည်။

**(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား(၉)**

**ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့်လိုက်လျောညီဖြစ်အောင် အစီအမံများ) |
|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | |
| ၁ | မြစ်ရေကြီးမှု | ✓ | | | |
| ၂ | ရေကြီးခြင်း | ✓ | | | |
| ၃ | မုန်တိုင်း | ✓ | | | |
| ၄ | ဆူနာမီ | ✓ | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | |
| ၇ | ငလျင် | ✓ | | | |
| ၈ | အပူလွန်ကဲခြင်း | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ဆားငန်ရေဝင်ရောက်မှု | ✓ | | | |
| ၁၀ | အအေးလွန်ကဲခြင်း | | ✓ | | |
| ၁၁ | မိုးသီးမုန်တိုင်း | ✓ | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ် လျော့ချရေးနှင့်လိုက်လျောညီ ဖြစ်အောင် အစီအမံများ) |
|---|---|---|---|---|---|
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီး ခြင်း | ✓ | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | |
| ၂၄ | ကူးစက်ရောဂါ | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက် သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီး ခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်း ရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ**

**ရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စု များနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေကျေးရွာတွင်ထိခိုက်သက်ရောက်မှုအနေဖြင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ တိဘီရောဂါ ဖြစ်ပွားမှုနိမ့်ရှိပြီး ယခုအချိန်တွင်ကူးစက် ရောဂါဖြစ်ပွားနိုင်မှုအခြေအနေလည်းရှိပါသည်။

**(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | ✓ | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ **(IDP)** | ✓ | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | ✓ | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း များ | | ✓ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | ✓ | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | | ✓ | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | ✓ | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည် တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြ ပါသနည်း။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေမိုးမြေ ကျေးရွာတွင်လူငယ်အများစုသည်ငယ်ရွယ်သူများဖြစ်ခြင်း၊ အမှားအမှန် ကောင်းစွာမခွဲခြားနိုင်ခြင်း၊ စိတ်လိုက်မာန်ပါ လုပ်တတ်ခြင်းများကြောင့် ထိခိုက်လွယ်မှုမြင့်မားသူများဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု(၂၃)စုနှင့် လက်လုပ်လက်စား ကျပန်းများရှိသည့်အတွက် ထိခိုက်လွယ်မှုအလယ်အလတ်ရှိပါသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
